# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၃- ၂ - ၂၀၁၇ ]

## ( သောကြာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် တတိယနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ခေတ်အဆက်ဆက် ဒေသဖွံ့ဖြိုးရေး နောက်ကျနေသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် လယ်ယာမြေဖော်ထုတ်ပြီး စိုက်ပျိုးမြေ ဖန်တီးရေးအပါအဝင် လူမှုဘဝတိုးတက်စေရေး စီမံကိန်းများ သီးခြားရေးဆွဲ အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်မှဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **မြန်မာနိုင်ငံအနှံ့အပြား ပျားမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ပျားလုပ်ငန်းရှင်များသည် ပြည်တွင်းစားသုံးပြီး ပိုလျှံသော ပျားရည်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန်၊ ဈေးကွက်မှန်ကန် တည်မြဲနိုင်ရန်တို့အတွက် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက်ပေါင်းစပ်ညှိနှိုင်းပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ကမ်းဝေးငါးဖမ်းလှေကြီးများသည် ကမ်းမှရေမိုင်(၇)မိုင်ခန့် ဝေးကွာသော ရေးမြို့နယ်မှ ကုလားဂုတ်ကျွန်းကဲ့သို့သော ကျွန်းများအနီးထိ ငါးများကို ဥပဒေအရ ဖမ်းဆီးခွင့်ရရှိနေသဖြင့် ရေလုပ်ငန်းတစ်ခုတည်းအပေါ် အသက်မွေးဝမ်းကျောင်းပြုနေရသည့် ကျွန်းနေပြည်သူများ စားဝတ်နေရေး ကျပ်တည်းလာမှုအပေါ် အမိန့်၊ ညွှန်ကြားချက် တစ်စုံတစ်ရာ ထုတ်ပြန်ပြီး ကာကွယ်ကူညီပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်အတွင်းရှိ ရဘဲ - ကျောက်တွင်း- ချောင်းဖျားကြီး - ဝဲမကိုက်ကျေးရွာချင်းဆက်လမ်းမှ ရဘဲ - ကျောက်တွင်းလမ်း (၅)မိုင်ကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ကျောက်တွင်း - ဝဲမကိုက်လမ်း(၂)မိုင်နှင့် ကျောက်တွင်း - ချောင်းဖျားကြီးလမ်း (၁)မိုင်တို့ကို မြေသားလမ်းအသစ် ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဒေါ်နော်ဆာမူထူး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ငွေကို နိုင်ငံတော်က ထုတ်ပေးသည့်နည်းတူ ထွန်ယက်သည့်နေရာတွင် မြန်ဆန်လွယ်ကူစွာ ထွန်ယက်နိုင်ရေးအတွက် လယ်ထွန်စက်များကို အခမဲ့၊ တစ်ဝက်နှုန်း၊ အရစ်ကျပေးချေစနစ်ဖြင့် နိုင်ငံတော်မှကူညီပံ့ပိုးပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။